15:31

ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၂/၂၀၁၆)

| | |
|---|---|
| ဦးကိုကိုအောင် (ပိုင်ရှင်)၊ ဦးအောင်သူ(စက်ရုံမှူး)၊<br>ဦးကျော်သီဟ(Safety Security & HR Manager)<br>ဧယျာကွန်ကရစ်လုပ်ငန်း၊အမှတ်-၁(က)၊<br>ဆိပ်ကမ်းသာလမ်း၊စက်မှုဇုန်(၁)၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးငွေလင်း<br>အမှတ်-၆၈၀၊ ပုလဲငွေရောင် ၃ လမ်း၊<br>၅၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ လ ၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၁(က) ရှိ ဦးကိုကိုအောင်(ပိုင်ရှင်) ပိုင်ဆိုင်သော ဧယျာကွန်ကရစ်လုပ်ငန်းနှင့် ဦးငွေလင်းတို့ အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၈၅/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးဌေးလင်းမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်မှရပ်စဲခံရသည့်အတွက် နစ်နာကြေးပေးသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်ခန့်ထားရေးသဘောတူစာချုပ်ပါ အခြေခံမှုအရ ဦးဌေးလင်း (Wheel Load Operator)အား အလုပ်ရပ်စဲမှုအတွက် နို့တစ်ကြေးအဖြစ်အခြေခံတစ်လစာ ၁၀၈၀၀၀ိ/-၊ ကျပ်တစ်သိန်းရှစ်ထောင်တိတိ/-ကို ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၈၅/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဓေယျကွန်ကရစ်လုပ်ငန်း၊ ဦးကိုကိုအောင်(ပိုင်ရှင်)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၇၂/၂၀၁၆)အား ကြားနာစစ်ဆေးမည့် အစိုးရ ကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမား ကိုယ်စားလှယ် ဦးရဲနိုင်ဝင်းတို့ပါဝင်သော ခုံအဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့်

တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်မှရပ်စဲခံရသဖြင့် နစ်နာကြေး ပေးသင့်/မပေးသင့်။

**သုံးသပ်ချက်**

၇။ ဖေယျူကွန်ကရစ်လုပ်ငန်း ပိုင်ရှင် ဦးကိုကိုအောင် ကိုယ်စား ဦးကျော်သီဟ (HR Manager)က ဤဖြစ်စဉ်များနှင့် ပတ်သက်၍ရှင်းလင်းထွက်ဆိုချက်များအရ ၎င်းတို့အနေဖြင့် လုပ်ငန်းကာလတစ်လျှောက်လုံး ပြဿနာများဖြေရှင်းရခဲ့သည်မရှိကြောင်း၊ မိမိတို့စက်ရုံတွင် Operator ဦးဌေးလင်းကြောင့် ပျက်စီးခဲ့သောနံရံများနှင့်ပတ်သက်၍ လျော်ကြေးတစ်စုံတစ်ရာ တောင်းခံခဲ့ခြင်းမရှိပါ။ ၎င်း၏လုပ်ကိုင်ဆောင်ရွက်ချက်များကို ကျေနပ်မှုမရှိ၍ စမ်းသပ်ကာလ တစ်လပြည့်ပြီးနောက် အလုပ်ရပ်စဲခဲ့သော်လည်း ၎င်းရသင့်ရထိုက်သော လုပ်ခလစာကိုအကြေ အလည်ပေးချေခဲ့ပြီး၊ ပျက်စီးခဲ့သောအုတ်နံရံများကို ပြင်ဆင်ရန်တစ်စုံတစ်ရာဖြတ်တောက် တောင်းခံခြင်းမရှိဘဲ မိသားစုအသွင်ဖြင့်ဆောင်ရွက်ခဲ့သည်ကို မထောက်ညှာပဲ ယခုကဲ့သို့တောင်း ဆိုသည့်အတွက် အဆင့်ဆင့်အယူခတင်ပြခဲ့ခြင်းဖြစ်ပါကြောင်း ဖြစ်စဉ်များကိုရှင်းလင်းထွက်ဆိုခဲ့ ပါသည်။

၈။ Operator ဦးဌေးလင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက် များကိုကျေနပ်လက်ခံသည်ဖြစ်၍ ယခုခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကိုလည်း လိုက်နာမည် ဖြစ်ပါကြောင်းရှင်းလင်းထွက်ဆိုခဲ့ပါသည်။

၉။ ခုံအဖွဲ့အနေဖြင့် နှစ်ဖက်ထွက်ဆိုချက်များကို အခြေပြုခြင်း၊ မြို့နယ်၊ တိုင်းအဆင့်ဆင့်၏ တင်ပြခဲ့သော ထွက်ဆိုချက်၊ စစ်ဆေးချက်၊ ဆုံးဖြတ်ချက်များကိုအခြေပြု၍ ဆန်းစစ်ရာတွင် သက်ဆိုင်ရာအလုပ်ရှင်အနေဖြင့် အလုပ်သမား၏ ချွတ်ယွင်းပေါ့လျော့မှုကြောင့် နစ်နာပျက်စီး ဆုံးရှုံးခဲ့ရသည်များကို ရုံးလုပ်ထုံးလုပ်နည်းများဖြင့် မှတ်တမ်းတင်ခြင်း၊ ဝန်ခံကတိလက်မှတ်ရေး ထိုးစေခြင်း၊ ရုံးအဖွဲ့၏စစ်ဆေးရေးအဖွဲ့ငယ်မှ လူသက်သေ၊ ဖြစ်စဉ်သက်သေများ ခိုင်လုံစွာဖြင့် မှတ်တမ်းတင်၍ အစမ်းခန့်ကာလအတွင်း နို့တစ်စာထုတ်ပြန်၍ အလုပ်မှရပ်စဲခဲ့ပါမှ နို့တစ်ကြေး

တစ်စုံတစ်ရာထုတ်ပေးစရာမလိုအပ်ဘဲ ယခုကဲ့သို့အဆင့်ဆင့်သော အမှုဖြစ်စဉ်ဖြင့်ရင်ဆိုင်ရမည် မဟုတ်ကြောင်းသုံးသပ်ပါသည်။

၁၀။ အလုပ်ရပ်စဲမှုနှင့်စပ်လျဉ်း၍အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(ခ)နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့် များကိုကျင့်သုံးလျှက် အလုပ်မှရပ်စဲခံရသော အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်ရှင်က ပေးရမည့် နစ်နာကြေးနှုန်းထားများကို ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) သတ်မှတ်ချက်အရ နို့တစ်ကြေး(၁)လစာကို အခြေခံလစာ (၁၀၈၀၀၀/-)ကျပ် ခံစားခွင့်ပြုခြင်းဖြင့် အလုပ်လက်မဲ့ကာလအတွင်း လူမှုရေးအထောက်အပံ့ဖြစ်စေရန် ဥပဒေနှင့် အညီခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်ဆုံးဖြတ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃၁-၈-၂၀၁၆ ရက်နေ့တွင် အငြင်းပွားမှုအမှတ် (၈၅/၂၀၁၆)ဖြင့် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက် ကိုအတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးရဲနိုင်ဝင်း
အဖွဲ့ဝင်